Message Seven

# ဘုရားသခင်၏စိတ်နှလုံးအလိုဆန္ဒကို ပြီးမြောက်ပြည့်စုံစေရန်နှင့် ဘုရားရှေ့တွင် လူ၏လိုအပ်မှုကို ဖြည့်ဆည်းပေးရန် ဓမ္မဟောင်းရှိ လူများနှင့်အတူ လူများအလယ် ဘုရားသခင်၏လှုပ်ရှားမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓမ္မသစ်ရှိ လူ၌ ဘုရားသခင်၏လှုပ်ရှားမှုနှင့်စပ်လျဉ်း၍လည်းကောင်း ဘုရားဆိုင်ရာ ပင်ကိုမူလ ဖွင့်ပြခြင်း

ဖတ်ရန်ကျမ်း။ ။ ယောဘ၊၁၀း၁၃။ ၄၂း၁-၆။ ဧ၃း၉။ ယော၊၁း၁၊ ၁၄။ မ၊၁း၂၃။ ၂ကော၊၃း၁၈။ ၄း၁၆-၁၇။
ရော၊၈း၂၉-၃၀။ ကော၊၁း၁၂၊ ၁၅-၁၉။ ၃း၄က၊ ၁၀-၁၁။ တ၊၂၆း၁၆-၁၈။ ဧ၃း၁၆-၁၉

**I. လူများနှင့်အတူ လူများအလယ်၌ ဘုရားသခင်၏လှုပ်ရှားမှုသည် ဓမ္မဟောင်း၌ ဖြစ်သည်။ လူများနှင့်အတူ လူများအလယ်၌ ဘုရားသခင်၏လှုပ်ရှားမှုသည် ခရစ်တော်နှင့် အသင်းတော်အတွက် ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်း၌ တိုက်ရိုက်လှုပ်ရှားမှုမဟုတ်ဘဲ၊ ကိုယ်တော်၏ထာဝရစီမံကိန်းအဖို့ ဖန်ဆင်းခြင်းအသစ်၌ ကိုယ်တော်၏တိုက်ရိုက်လှုပ်ရှားမှုကို ပြင်ဆင်ခြင်း၌ ဖန်ဆင်းခြင်းအဟောင်း၌ သွယ်ဝိုက်လှုပ်ရှားမှုဖြစ်သည် - ၂ကော၊၅း၁၇။ ဂလ၊၆း၁၅။**

A. လူသည် ဘုရားသခင်က မိမိပုံသဏ္ဌာန်တော်၌ ဖန်ဆင်းခံရသည့်အနေဖြင့် သူသည်  ဘုရားသခင် (အသက်ပင်အားဖြင့် ပုံဆောင်ခြင်း) ကို သူ၏အသက်အဖြစ် ယူဆောင်ရန် လိုအပ်သည်၊ သို့မှသာ သူသည် ဘုရားသခင်ကို အသက်ရှင်ခြင်း၊ ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်း ရှိနိုင်မည်ဖြစ်သည်။ ထိုသို့သောသူအနေဖြင့် သူသည် အဖိုးထိုက်သော တန်ဆာပလာများအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲကာ၊ ဘုရားသခင်အဖို့ အဖော်အဖက်အဖြစ် တည်ဆောက်ခံရရန် လိုအပ်သည် - က၊၁း၂၆-၂၇။ ၂း၉-၁၂၊ ၁၈-၂၄။

B. ကျဆင်းသောလူအနေဖြင့် လူသည် သူ၏ရွေးနုတ်ခြင်းအတွက် (ယဇ်ကောင်နှင့် ၎င်း၏ သွန်းလောင်းသော အသွေးအားဖြင့် ပုံဆောင်ထားခြင်း) ခရစ်တော်ကို လက်ခံရရှိရန် လိုအပ်သည်၊ သို့မှသာ သူသည် ခရစ်တော်၌ (ယဇ်ကောင်သားရေများဖြင့် လုပ်ထားသည့် ဝတ်လုံများဖြင့် ပုံဆောင်ခြင်း) ဘုရားသခင်အားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်မည်ဖြစ်သည်၊ ထို့အပြင် ကျဆင်းသောလူသည် ခရစ်တော်ကို မိန်းမ၏မျိုးစေ့အဖြစ် လက်ခံရရှိရန် လိုအပ်သည်၊ သို့မှသာ စာတန် တည်းဟူသော "မြွေ"၏ သေစေသောတန်ခိုးမှ ကယ်လွှတ်ခံရနိုင်မည်ဖြစ်သည် - ၃း၈-၉၊ ၁၅၊ ၂၁။ ဟေဗြဲ၂း၁၄။

C. ဘုရားသခင်က မီးရှို့ရာပူဇော်သက္ကာ၌ လူကို အလေးထားခဲ့ပြီး၊ လူနှင့်အတူ ကျေနပ်အားရတော်မူသည်။ မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်သည် ဘုရားသခင်အတွက်၊ ကိုယ်တော်နှစ်သက်အားရခြင်းနှင့် ကျေနပ်ဝမ်းမြောက်ခြင်းအဖို့ ဘုရားသခင်ထံ ကျေနပ်စေသော ရနံ့အဖြစ် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သော အသက်တာကို အသက်ရှင်ခဲ့သည် - က၊၄း၄။ ၈း၂၀-၂၂။ ဝတ်၊၁း၉။ ဟေရှာ၊၄၂း၁။ မ၊၃း၁၇။ ၁၇း၅။ ၁၂း၁၈။ ယော၊၅း၃၀။ ၆း၃၈။ ၇း၁၈။ ၈း၂၉။ ၁၄း၂၄။ ညွှန်း၊ ၂ကော၊၂း၁၅။ သီ၊၄း၁၀-၁၆။

D. ဘုရားသခင်သည် အာဗြဟံအား သူ၏မျိုးစေ့ (ခရစ်တော်) ၌ မြေကြီးပေါ်ရှိ လူမျိုးအပေါင်းတို့သည် ကောင်းချီးခံရကြမည့်အကြောင်း ကတိတော်ပေးခဲ့သည် - က၊၂၂း၁၈။ ဂလ၊၃း၈၊ ၁၄၊ ၁၆-၁၇။

E. ဘုရားသခင်ရွေးချယ်ခံရသည့်လူအနေဖြင့် လူသည် ဘုရားသခင်၏ ခေါ်သံကို လက်ခံရရှိကာ၊ အဖြေပေးရန် (က၊၁၂း၁-၄)၊ သူ၏ မီးရှို့ရာပူဇော်သက္ကာအဖြစ် ခရစ်တော်မှတစ်ဆင့် ဘုရားသခင်ရှေ့တော်၌ အသက်ရှင်ရန် (အငယ်၊၇။ ၁၃း၁၈။ ၂၂း၁၃)၊ သူသည် အပြစ်ပြည့်ဝကြောင်းနှင့် ပညတ်တရားကို စောင့်ထိန်းရန် စွမ်းရည်မရှိကြောင်း သိရှိဖို့ ပညတ်တရားအားဖြင့် ဖော်ထုတ်ခံရရန် (ထွ၊၁၉း၈၊ ၂၁-၂၀း၂၁)၊ ခရစ်တော်ကို တဲတော်၊ ယဇ်ပုရောဟိတ်နှင့် ပူဇော်သက္ကာများအဖြစ် ယူဆောင်ခြင်းဖြင့် ဘုရားသခင်နှင့်အတူ အသက်ရှင်ရန်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင်အထဲသို့ ဝင်ရောက်ပြီး၊ ခရစ်တော်နှင့်အတူ ခရစ်တော်၌ ဘုရားသခင်ဖြစ်သည့်အရာအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန် လိုအပ်သည် (ထွ၊၂၅-ဝတ်၊၂၇)။

F. ယောဘ၏ လှည့်လည်နေထိုင်သည့် အသက်ရှင်ခြင်းနည်းလမ်း (ယောဘ၊၁း၃)နှင့် သူ၏သားသမီးများအတွက် မီးရှို့ရာပူဇော်သက္ကာကို ပူဇော်ခြင်းနည်းလမ်းများအရ (အငယ်၊၅) ယောဘနှင့် သူ၏မိတ်ဆွေများသည် အာဗြဟံ၏ခေတ်ကာလတွင် အသက်ရှင်ခဲ့ခြင်းဖြစ်နိုင်သည် (က၊၂၂း၁၃)။ ထိုအချိန်က ပညတ်တရားနှင့်အတူ မောရှေ၏ပင်တေတုကျမ်းမှာ ရေးသားခြင်း မရှိသေးပါ။

1. ယောဘနှင့် သူ၏မိတ်ဆွေများသည် သူတို့၏ဘိုးဘေးများထံမှ ဖွင့်ပြခြင်းအချို့ကို နှုတ်စကားအားဖြင့် အမှန်ပင် လက်ခံရရှိခဲ့ကြသည်။ သို့သော်လည်း သူတို့၏ဘိုးဘေးများထံမှ လက်ခံရရှိခဲ့သောအရာမှာ အလွန်ဆုံးအနေဖြင့် အာဖြဟံခေတ်ရှိ ဖွင့်ပြခြင်းအဆင့်သာ ရှိခဲ့သည်။
2. ထို့ကြောင့် ဘုရားသခင်နှင့် လူအကြား ဆက်နွှယ်မှုနှင့်စပ်လျဉ်းသည့် သူတို့၏ဆွေးနွေးငြင်းခုံခြင်းများတွင် သူတို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းနှင့် လူ၏ မီးရှို့ရာပူဇော်သက္ကာ၌ လူကို ဘုရားသခင် အလေးထားခြင်းဟူသောအချက်ထက် လွန်၍ ဘုရားဆိုင်ရာဖွင့်ပြခြင်းကို သူတို့ရရှိခဲ့သည်ဟူသော မည်သည့်အရိပ်အမြွက်ကိုမျှ မတွေ့ရပေ။
3. ယောဘနှင့် သူ၏မိတ်ဆွေများသည် ခရစ်တော်နှင့် ဘုရားသခင်၏ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ ရည်ညွှန်းပြောဆိုချက် တစ်ခုမျှ မရှိကြပေ။ သူတို့ သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ ရှေးဦးအဆင့်၌သာ ရှိနေကြသည်။
4. ယောဘထံသို့ ပေါ်ထွန်းခြင်း၌ ဘုရားသခင်က "ယောဘ၊ ငါသည် အဘယ်သူဖြစ်ကြောင်း သင်သည် အမှန်ပင် မသိသေးပါ။ ငါသည် အကန့်အသတ်မဲ့ကြောင်း သင်သိနားလည်ခြင်း မရှိပါ။ ငါသည် သင့်ကို ပေးရန် ရည်ရွယ်ထားသည့်အရာကို သင်သည် စိတ်ကူးကြည့်နိုင်မည်မဟုတ်ပါ။ ယောဘ၊ ငါသည် သင့်အား ငါ့ကိုယ်ကို ပေးလိုသည်၊ ငါ့ကိုယ်ကို သင်၏မွေ့လျော်ဝမ်းမြောက်မှုဖြစ်စေလိုသည်၊ သို့မှသာ သင်သည် ငါ၏အစိတ်အပိုင်းဖြစ်လာနိုင်မည်။ သင်၌ သင့်ကိုယ်ပိုင်တည်ကြည်ခြင်း၊ စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်းတို့ရှိခြင်းဖြင့် ငါသည် ကျေနပ်နှစ်သိမ့်ခြင်း မရှိပါ။ သင်သည် ငါ့ကို ရရှိစေရန် ငါအလိုရှိသည်။ ငါ၏ရည်ရွယ်ချက်မှာ ငါကိုယ်တိုင်ကို သင့်အထဲသို့ ဖြည့်သွင်းပေးပြီး၊ အခြားအရာထက် ငါကိုယ်တိုင်ကို သင့်အား ပေးဖို့ အလိုရှိသည်။"
5. သို့ဖြစ်၍၊ ဘုရားသခင်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများသည် ယောဘပြသကဲ့သို့ မိမိတို့ကိုယ်ကို လူသားကောင်းမြတ်ခြင်းများဖြစ်သည့် စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်းတို့၌ တည်ဆောက်ရန် မလိုအပ်ဘဲ၊ သူတို့သည် ဆာတော်တောင့်တသော သမင်ဖိုကဲ့သို့ ဘုရားသခင်ကို တောင့်တရှာဖွေရန်နှင့် ဘုရားသခင်၏ပွဲတော်များ၌ ဘုရားသခင်၏လူမျိုးတို့နှင့်အတူ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် (ဆာ၊၄၂း၁-၅။ ၄၃း၃-၅)၊ သို့မှသာ ဘုရားသခင်သည် သူတို့အဖို့ အရာခပ်သိမ်းဖြစ်ကာ၊ သူတို့ရရှိခဲ့သော၊ ရယူဆည်းပူးခဲ့ကြသောအရာအားလုံးကို အစားထိုးခြင်းရှိနိုင်မည်ဖြစ်သည်။ ဤအရာသည် ယောဘ၏ မိတ်ဆွေများအဖို့သာမက၊ ဧလိဟုနှင့် ယောဘအဖို့လည်း အဖြေဖြစ်သင့်ပေသည် (ယောဘ၊ ၁၀း၁၃။ ညွှန်း၊ ဧ၊၃း၉)။
6. ယောဘစာစောင်၏နောက်ဆုံးတွင် ဘုရားသခင်သည် ဝင်ရောက်လာပြီး၊ ယောဘတွင် သူ၏လူသားအသက်တာ၌ လိုနေသောအရာမှာ ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်ကြောင်း ညွှန်ပြပေးသည်။ ဤအတွက်ကြောင့် ယောဘစာစောင်သည် ပြီးပြည့်စုံသော အဆုံးသတ်ခြင်းမရှိခဲ့ပေ၊ ယင်းမှာ ယောဘက ခရစ်တော်၌ ဘုရားသခင်ကို အပြည့်အဝရရှိကာ သူ့အား ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းဖြင့် သူသည် ဘုရားသခင်ကို ခရစ်တော်၌ သူ၏ဝေစုအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သင့်သည်။ ထိုသို့သော ဖွင့်ပြခြင်းကို ဓမ္မသစ်ကျမ်း၌သာလျှင် အပြည့်အဝ တွေ့ရှိရပါသည် - ၄၀း၁၀-၁၄။ ၄၂း၁-၆။ ၁၀း၁၃။ ညွှန်း၊ ဧ၊၃း၉။

**II. လူ၌ဘုရားသခင်၏ လုပ်ရှားမှုမှာ ဓမ္မသစ်တွင် ဘုရားသခင့်ရှေ့တော်၌ လူ၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်ဖြစ်သည်။ လူ၌ ဘုရားသခင်၏လုပ်ရှားမှုသည် ခရစ်တော်၏ပထမအကြိမ် ကြွလာခြင်းမှ ကောင်းကင်သစ်နှင့် မြေကြီးသစ်ရှိ ယေရုရှလင်မြို့သစ် ထင်ရှားပေါ်လွင်လာခြင်းအထိ ဖြစ်သည်။ ဤလုပ်ရှားမှုသည် လူသားသမိုင်း၌ မကြုံစဖူးသော အရာဖြစ်သည် - ယော၊၁း၁၊ ၁၄။ ဧ၊၃း၁၆-၁၉။ ဗျာ၊၂၁း၂၊ ၉-၁၀။**

A. ဘုရားသခင်အားဖြင့် ရွေးချယ်ခံကာ ခေါ်ခြင်းခံရသောသူများအနေဖြင့် လူသည် ယေရှုခရစ်အထဲသို့ ယုံကြည်ရန် လိုအပ်သည်၊ ကိုယ်တော်သည် လူ့ဇာတိခံသောဘုရားသခင်၊ လူသားအသက်တာကို အသက်ရှင်သော၊ အသေခံသော၊ ရှင်ပြန်ထမြောက်သော၊ သူတို့အတွက် သူတို့နှင့်အတူ တက်ကြွခဲ့သော၊ ကိုယ်တော်သည် သူတို့၏ကယ်တင်ခြင်း၊ အသက်နှင့် အရာခပ်သိမ်းဖြစ်လာရန် သူတို့အဖို့ နျူမက်တစ်ခရစ်တော်ဖြစ်သည့် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာသောအရှင်ဖြစ်သည် (မဿဲမှ ရောမအထိ)။

1. ဘုရားသခင်သည် လူသားအပျိုကညာ၌ ပဋိသန္ဓေယူရန်၊ သူမမှ လူတစ်ဦးအဖြစ် မွေးဖွားလာရန်၊ ထိုသို့ဖြင့် ဘုရားဇာတိကို လူသားဇာတိအထဲသို့ ခေါ်ဆောင်ပြီး ဘုရားသခင်နှင့်လူအား တတိယ ဒြပ်ကိုယ်ထည်အဖြစ်မဟုတ်ဘဲ တစ်ခုတည်းသော ထုံးဖွဲ့မှုအဖြစ် ရောနှောပေါင်းစည်းရန် ကြွလာခဲ့သည် - ဝတ်၊၂း၄-၅။ ယော၊၁း၁၊ ၁၄။ မ၊၁း၂၀၊ ၂၃။ ၁တိ၊၃း၁၆။
2. ယေရှုသည် ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် အရာခပ်သိမ်းကို လုပ်ဆောင်သည့် အသက်တာဖြင့် အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် သူ၏အသက်ရှင်ခြင်းဖြစ်ပြီး၊ သူသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခဲ့သည်။ သူ၏လူသားအသက်ရှင်ခြင်း၌ သူ၏ဒုက္ခဆင်းရဲခံခြင်းအသက်တာအား ကျွန်ုပ်တို့ရှေ့တွင် စံတစ်ခုအဖြစ် ထားရှိပေးကာ၊ ကျွန်ုပ်တို့က သူ၏ခြေလှမ်းများနောက်သို့ ခြေရာခံကာ လိုက်လျှောက်ခြင်းအားဖြင့် ၎င်းကို ပုံတူပွားခြင်းရှိစေရန်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်နှင့် ကိုယ်တော်၏အသက်တာကို တုပရုံသက်သက်အဖြစ် ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ ဒုက္ခဆင်းရဲခံစားခြင်းများ၌ ကိုယ်တော်ကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်မှုမှလာသော ကိုယ်တော်ကို ပုံတူပွား ခြင်းရှိရန် ဖြစ်သည်၊ သို့မှသာ ကိန်းဝပ်နေသော ဝိညာဉ်တော်အဖြစ် ကိုယ်တော်ကိုယ်တိုင်သည် အသက်တော်၏ ကြွယ်ဝ ခြင်းအလုံးစုံနှင့်အတူ ကျွန်ုပ်တို့၌ မိမိကိုယ်တော်တိုင်ကို ပုံတူပွားထုတ်လုပ်မည်ဖြစ်သည် - ဧ၊၄း၂၀-၂၁။ ၁ပေ၊၂း၂၁။
3. လူ့ဇာတိခံသော သုံးပါးတစ်ပါးဘုရားနှင့် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်း(ကော၊၂း၉) ဖြစ်သော ယေရှုခရစ်သည် အနုတ်လက္ခဏာအရာများအားလုံးကို အဆုံးသတ်ရန်နှင့် ကျွန်ုပ်တို့အဖို့ ကိုယ်တော့်အတွင်းမှ ဘုရားဆိုင်ရာအသက်ကို လွတ်မြောက်စေရန် လူသားဇာတိ၌ ကိုယ်စားဖြစ်သော၊ အရာအားလုံးပါဝင်သော အသေခံခြင်းဖြင့် အသေခံခဲ့သည် (လု၊ ၁၂း၄၉-၅၀။ ယော၊၁၂း၂၄)။
4. ကိုယ်တော်သည် သေခြင်းကို အောင်မြင်ခဲ့ပြီး၊ အရာအားလုံးထုတ်လုပ်ပေးသော ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက် သွားကာ၊ ဘုရားသခင်၏သားဦးဖြစ်ရန် မွေးဖွားလာခဲ့၍ (လူသားဇာတိကို ဘုရားဇာတိအထဲသို့ ယူဆောင်ခြင်း)၊ ခရစ်တော် ၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ရန်နှင့် စေ့စပ်ထုံးဖွဲ့ရန် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သည် - တ၊၂း၂၃-၂၄၊ ၃၂။ ၁၃း၃၃။ ရော၊၁း၃-၄။ ၈း၂၈-၂၉။ ယော၊၂၀း၂၂။ ၁ကော၊၁၅း၄၅။ ၁၂း၁၃။
5. ကိုယ်တော်သည် ကောင်းကင်များသို့ အရာအားလုံးသာလွန်တက်ကြွသည့် တက်ကြွခြင်းကို အောင်မြင်ပြီးစီးခဲ့ပြီး၊ သခင်၊ ခရစ်တော်၊ ခေါင်းဆောင်၊ ကယ်တင်ရှင် ဖြစ်စေခြင်း ခံရ၍ (တ၊၂း၃၆။ ၅း၃၁)၊ ယင်းမှာ ကိုယ်တော်၏တိုးပွားပျံ့နှံ့ခြင်းနှင့် နိုင်ငံတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည် (၁း၈။ ၂၆း၁၆-၁၈)။
6. ကိုယ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၌ ကိုယ်တော်၏ယုံကြည်သူများအားလုံးကို ကိုယ်တော် နှင့် တစ်လုံးတစ်ဝ ဖြစ်စေသည်။ သို့ဖြစ်၍ ကိုယ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းအားလုံးတို့ သည် သူတို့၏အရာဖြစ်လာပြီး၊ ကိုယ်တော်၏အတွေ့အကြုံသည် သူတို့၏သမိုင်းကြောင်း ဖြစ်လာသည် - ရော၊၆း၅-၆။ ဧ၊၂း၅-၆။ ဓမ္မသီချင်း၊ ၅၀၃ အပိုဒ် ၄။

B. ခရစ်တော်၌ ယုံကြည်သူအနေဖြင့် လူသည် ခရစ်တော်၏ ဘုရားဆိုင်ရာအသက်၌ ကြီးထွားရန် လိုအပ်သည်၊ သို့မှသာ သူသည် အသက်ဝေငှဖြန့်ဖြူးပေးသည့် ဝိညာဉ်တတ်မှတစ်ဆင့် ခရစ်တော်ဖြစ်သောအရာအထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ ခရစ်တော်၌ သုံးပါးတစ်ပါးဘုရား ထင်ရှားရန် ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် သန့်ရှင်းသူများနှင့်အတူ သူ သည် တည်ဆောက်ခံရခြင်း၊ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားနှင့် ဘုန်းထင်ရှားသော သုံးပိုင်းရှိလူသားတို့၏ ရောနှောပေါင်းစည်းခြင်းဖြစ်သော ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်း၌ ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင် သွားရန် ဘုရားသခင်၏ဖန်ဆင်းခြင်းအသစ်ဖြစ်သည့် လူသစ်ဖြစ်လာခြင်း၊ ထာဝရကာလ၌ စုပေါင်းထားသော ဘုရား-လူ၏ ထင်ရှားပေါ်လွင်လာခြင်း ဖြစ်နိုင်မည်ဖြစ်သည် (ကောရိန္သုပထမစာစောင်မှ ဗျာဒိတ်ကျမ်းအထိ)။

1. ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို ရွေးနုတ်ခဲ့သည်၊ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးခဲ့သည်၊ ကျွန်ုပ်တို့ကို ဆေးကြောပေးသည်၊ ကျွန်ုပ်တို့ကို ဖြောင့်မတ်စေသည်၊ ကိုယ်တော်ထံသို့ ကျွန်ုပ်တို့ကို ပြန်လည်သင့်မြတ်စေသည်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်အထဲသို့ ထားရှိပြီး၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရွေးနုတ်ခြင်း ဖြစ်စေသည် - ဧ၊၁း၇။ ၁ကော၊၆း၁၁။ ရော၊၃း၂၄။ ၅း၁၀။ ၁ကော၊၁း၃၀။

2. ဘုရားသခင်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ကို အသစ်တစ်ဖန် မွေးဖွားပေးသည် (၁ပေ၊၁း၃) ယခုတွင် ကိုယ်တော်သည် ကျွန်ုပ်တို့ကို အသစ်ပြုပြင်ပေးသည်၊ ပုံသဏ္ဌာန်ပြောင်းလဲပေးသည်၊ ကိုယ်တော့်ဘုန်းတော် ပုံသဏ္ဌာန်သို့ သဏ္ဌာန်တူညီခြင်းရှိစေသည် (တိတု၊၃း၅။ ရော၊၁၂း၂။ ဧ၊၄း၂၃။ ၂ကော၊၄း၁၆။ ၃း၁၈။ ရော၊၈း၂၈-၃၀။ ဖိ၊၃း၂၁)။
3. ကိုယ်တော်၏အသစ်ပြုပြင်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲပေးခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ဒုက္ခဆင်းရဲခံခြင်းအား မိတ်သဟာယဖွဲ့ခြင်းအတွက် အသေခံတော်မူခြင်းအထဲသို့ ထားရှိခဲ့သည်၊ ယင်းသည် ထာဝရလေးလံသော ဘုန်းအသရေကို ကျွန်ုပ်တို့အဖို့ ဖြစ်စေကာ၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားပြီး၊ ကိုယ်တော်၏စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများ၌ ကိုယ်တော်ကို အမြတ်ရရှိနိုင်ရန်ဖြစ်သည် - ၂ကော၊၄း၁၆-၁၈၊ ၁၀။ ဖိ၊၃း၁၀၊ ၈။ ဧ၊၃း၈။
4. ခမည်းတော်ဘုရားသည် သားတော်ဘုရား၌ ကိုယ်ထင်ရှားပြီး (ကော၊၂း၉)၊ သားတော်ဘုရားသည် ဝိညာဉ်တော်ဘုရားအဖြစ် သိနားလည်ရကာ၊ ဝိညာဉ်တော်ဘုရားသည် သုံးပါးတစ်ပါးဘုရား၏ စစ်မှန်ခြင်းဖြစ်ရန် ကျွန်ုပ်တို့၌ လာရောက် ကိန်းဝပ်တော်မူသည် (ယော၊၁၄း၁၆-၂၀)။ ခမည်းတော်၊ သခင်ဘုရားနှင့် ဝိညာဉ်တော် တည်းဟူသော သုံးပါးတစ်ပါးဘုရားသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ အရင်းအမြစ်၊ ဒြပ်သဘာဝ၊ အနှစ်သာရဖြစ်သည် (ဧ၊၄း၄-၆)။
5. သုံးပါးတစ်ပါးဘုရား၏ နက်နဲခြင်းမှာ ယုံကြည်သူများ၌ရှိသော စစ်မှန်ခြင်းဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ခရစ်တော်သည် တပည့်တော်များအား များစွာသောအရာများ ပြောပြရန်ရှိသော်လည်း၊ စစ်မှန်ခြင်း၏ ဝိညာဉ်တော်က ဤအရာများကို သူတို့ထံ ဖွင့်ပြပေးရန် ရောက်လာခြင်းမရှိခင်အထိ သူတို့သည် မခံမယူနိုင်ကြသေးပါ (ယော၊၁၆း၁၂-၁၅)။ ဤအရာသည် စစ်မှန်ခြင်း၏ ဝိညာဉ်တော်က ဘုရားသခင်၏နှုတ်ကပတ်တော် တည်းဟူသော ဘုရားဆိုင်ရာဖွင့်ပြခြင်း (ကော၊၁း၂၅-၂၇) ဖြစ်သည့် ဘုရားသခင်၏နက်နဲခြင်းဖြစ်သော ခရစ်တော် (၂း၂) နှင့် ခရစ်တော်၏နက်နဲခြင်းဖြစ်သော အသင်းတော်နှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းကို (ဧ၊၃း၄) ပြည့်စုံစေသူ တမန်တော်ပေါလု၌ အဓိကအားဖြင့် ပြီးမြောက်ခြင်းရှိခဲ့သည်။
6. ဘုရားသခင်က သန့်ရှင်းသူများထံ ခွဲဝေပေးသည့် ဘုရားဆိုင်ရာအမွေဝေစုနှင့် ယုံကြည်သူများ၌ အသက်ဖြစ်သည့် ခရစ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးဖြစ်ကာ၊ ကိုယ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်သည့် လူသစ်၏အင်္ဂါဝင်များအားလုံး၌ရှိတော်မူသည်။ ဘုရားသခင်က ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်အား ခရစ်တော်၏ ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်စေရန် အလိုတော်ရှိသည် - ကော၊၁း၁၂၊ ၁၅-၁၉။ ၃း၄က၊ ၁၀-၁၁။ ၁ကော၊၁၂း၁၂-၁၃။
7. အသက်ပေးသောဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် မိမိကိုယ်တော်တိုင်နှင့် ကိုယ်တော်ပြီးမြောက်ခဲ့သော၊ ရယူခဲ့သော၊ ရရှိပိုင်ဆိုင်ခဲ့သောအရာအားလုံးကို ကျွန်ုပ်တို့ထံ စစ်မှန်လာစေရန် ကျွန်ုပ်တို့တွင် ကိန်းဝပ်တော်မူသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ဘုန်းတော်မှ ဘုန်းတော်သို့ သခင်ဘုရားကဲ့သို့ တူညီသော သဏ္ဌာန်တော်အထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို သခင်ဘုရားထံသို့ လှည့်ပြန်လာခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရား၌ ကျွန်ုပ်တို့ကိုမြင်ရန်နှင့် ကျွန်ုပ်တို့မှတစ်ဆင့် အခြားသူများသည် ကိုယ်တော်ကို မြင်နိုင်ရန် သခင်ဘုရား၏ဘုန်းတော်ကို ရောင်ပြန်ဟပ်ခြင်းငှာ သခင်ဘုရား၏ဘုန်းတော်ကို မျှော်ကြည့်ခြင်း ရှိနိုင်ကြသည် - ၂ကော၊၃း၁၆-၁၈။
8. ခရစ်တော်၌ ဘုရားသခင်သည် ကိုယ်တော်၏ပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ်ကို ယေရုရှလင်မြို့သစ်တွင် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ပြီးမြောက်ပြည့်စုံသည့်တိုင် ကျွန်ုပ်တို့၌ လုပ်ဆောင်လိမ့်မည်၊ ယင်းကို ရှေ့ဦးစွာ မိလေနိုနိုင်ငံတော်၌ အောင်မြင်သောသူများဖြင့် လုပ်ဆောင်ကာ (ဗျာ၊၂း၇)၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် သန့်ရှင်းသူများအားလုံးဖြင့် ပြီးမြောက်ပြည့်စုံစေပြီး၊ (ယောဘပြုသည့်နည်းတူ) မည်သည့်လူသားကောင်းမြတ်ခြင်းသက်သက်ကိုမျှ မထင်ရှားစေဘဲ၊ ကိုယ်တော်ကိုယ်တိုင် ထာဝရကာလ၌ အပြည့်ဝဆုံး ထင်ရှားစေလိမ့်မည်ဖြစ်သည် (၂၁း၁-၂၂း၅)။

*© 2020 Living Stream Ministry*